# M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

## စွမ်းရည်မြှင့်တင်ခြင်း (Capacity Building)

- M&AOSB စီမံကိန်းနယ်မြေရုံးဝင်းအတွင်း "သုတပင်လယ်" အမည်ဖြင့် စာကြည့်တိုက်ဖွင့်လှစ်ထားရှိပြီး စာအုပ်များငှားရမ်းပေးခြင်း။
- "သုတပင်လယ်" စာကြည့်တိုက်၌ ပုံပြင်ပြောခြင်းနှင့် ဖန်တီးလေ့လာခြင်းအစီအစဉ်ကို လစဉ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

## ဒေသတွင်းအခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး (Community Infrastructure Development)

- နံ့သာပုကျေးရွာအုပ်စု၊ ဇင်ယော်ချောင်ရပ်ကွက်ရှိ "ရတနာပျိုးခင်း" မူကြိုကျောင်းအတွက်လိုအပ်သည့် စားပွဲများနှင့် ဖွံ့ဖြိုးမှုအထောက်အကူပြုသင်ကြားရေးပစ္စည်းများ ပံ့ပိုးပေးခြင်း။

## အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် (Operational Grievance Mechanism – OGM)

- ၂၀၁၇ ခုနှစ်မှ ယနေ့အထိပေးပို့လာသော အကြံပြုစာပေါင်း – (၇) စောင်။
- အကြံပြုချက်များအရ ဖြေရှင်းဆောင်ရွက်ပေးမှုအပေါ် ရာနှုန်းပြည့် ကျေနပ်လက်ခံခြင်း။

## သက်ဆိုင်ရာလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံခြင်း၊ အသိပေးတင်ပြခြင်း (Stakeholder Engagement)

- တွေ့ဆုံဆွေးနွေးမှုအကြိမ်ပေါင်း

(၇၁) ကြိမ်

- တွေ့ဆုံဆွေးနွေးခဲ့သူပေါင်း

(၉၉) ဦး

- တွေ့ဆုံဆွေးနွေးမှုကြာချိန်ပေါင်း

(၄၅) နာရီ

## CSR လုပ်ငန်းဆောင်ရွက်ချက်များ အစီရင်ခံတင်ပြခြင်း (Communicating CSR)

- ၂၀၂၆ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ ဆောင်ရွက်ပြီးစီးခဲ့သော M&AOSB ကုမ္ပဏီ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များကို ငရုတ်ကောင်းမြို့၊ ကျွဲချိုင်ကျေးရွာအုပ်စု၊ နံ့သာပုကျေးရွာအုပ်စုနှင့် စီမံကိန်းနယ်မြေရုံးဝင်းရှိ ကြော်ငြာသင်ပုန်းများ၌ အသိပေးဖော်ပြခြင်း။
- ၂၀၂၆ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ ဆောင်ရွက်ပြီးစီးခဲ့သော M&AOSB ကုမ္ပဏီ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များ စုစည်းတင်ပြထားသည့် လက်ကမ်းစာစောင်များကို ငရုတ်ကောင်းမြို့၊ ကျွဲချိုင်ကျေးရွာအုပ်စုနှင့် နံ့သာပုကျေးရွာအုပ်စုရှိ ရပ်မိရပ်ဖများထံ ဖြန့်ဝေခြင်း။
- CSR လုပ်ငန်းဆောင်ရွက်ချက်များအပါအဝင် စီမံကိန်းနှင့်ဆက်နွယ်သော လုပ်ငန်းတိုးတက်မှုအခြေအနေများကို ကုမ္ပဏီ၏ဆက်သွယ်ပြန်ကြားရေးစာမျက်နှာများတွင် အချိန်နှင့်တစ်ပြေးညီ အစီရင်ခံတင်ပြခြင်း။
- ခြောက်လတစ်ကြိမ် ပေးပို့တင်ပြရသော ပတ်ဝန်းကျင်စောင့်ကြပ် ကြည့်ရှုမှုအစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ (၁၅) ကြိမ်မြောက် ပေးပို့တင်ပြခြင်း။

## ဒေသခံများဦးစီးဆောင်ရွက်သော စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုအစီအစဉ် (Community-led Waste Management Program)

- ဂေါ်ရန်ကြီးဒေသ သန့်ရှင်းသာယာရေးအတွက် တက်ကြွလှုပ်ရှားသော Trash Hero Gaw Yan Gyi အမှိုက်ကောက်သူရဲကောင်းအဖွဲ့၏ စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှုများတွင် နံ့သာပုကျေးရွာလူထုနှင့်အတူ ပူးပေါင်းပံ့ပိုးခြင်း။
- "ကျေးရွာလူထုစီမံခန့်ခွဲသော သဘာဝမြေဆွေးကန်အစီအစဉ်" အဖြစ် နံ့သာပုကျေးရွာအုပ်စု၊ နံ့သာပုကျေးရွာတွင် သဘာဝမြေဆွေးကန်အသစ် ထပ်မံတိုးချဲ့တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ဇင်ယော်ချောင်ရပ်ကွက်ရှိမြေဆွေးကန်အတွက် အမှိုက်ကောက်သူရဲကောင်းကလေးငယ်များ၊ ဒေသခံများနှင့်အတူ လိုအပ်သည့်စောင့်ကြည့်ထိန်းသိမ်းမှုများ ပုံမှန်ဆက်လက်ပြုလုပ်ခြင်း။
- ကမ္ဘာ့သန့်ရှင်းရေးနေ့ ၂၀၂၆ အထိမ်းအမှတ်အဖြစ် နံ့သာပုကျေးရွာအုပ်စု၊ နံ့သာပုကျေးရွာတွင် စားကြွင်းစားကျန်အမှိုက်များအကြောင်း အသိပညာပေးမှုများပြုလုပ်ခြင်းနှင့် စားကြွင်းစားကျန်အမှိုက်များ၊ မီးဖိုချောင်သုံးအမှိုက်များမှတဆင့် သဘာဝမြေဆွေးပြုလုပ်သည့်နည်းလမ်းကို လက်တွေ့ပြုလုပ်ပြသခြင်း။

# M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော
# CSR လုပ်ငန်းအစီအစဉ်များ

M&AOSB ကုမ္ပဏီ၏ CSR အစီအစဉ်သည် နံ့သာပုကျေးရွာအုပ်စုရှိ “ရတနာပျိုးခင်း” မူကြိုကျောင်း၌ ကလေးငယ်များ လွတ်လပ်ပျော်ရွှင်စွာ သင်ယူ၊ ကစား၊ စူးစမ်းလေ့လာနိုင်ရန်ရည်ရွယ်၍ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လတွင် ကလေးငယ်များ၏ အသက်အရွယ်နှင့် သင့်လျော်သည့် ပညာရေးအထောက်အကူပြု ကစားစရာနှင့် ဖန်တီးမှုဆိုင်ရာသင်ယူရေးပစ္စည်းများ ပံ့ပိုးပေးခဲ့ပါသည်။ ထို့အပြင် မူကြိုကလေးငယ်များ ကျောင်း၌အဆင်ပြေစွာစားသောက်နိုင်ရန် သင့်လျော်သည့် (၄) ပေ x (၂) ပေ စားပွဲ (၄) လုံးကိုလည်း ထပ်မံပံ့ပိုးပေးခဲ့သည်။










# M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

“ကမ္ဘာ့သန့်ရှင်းရေးနေ့ ၂၀၂၆” (World Cleanup Day 2026) အထိမ်းအမှတ်အဖြစ် နံ့သာပုကျေးရွာအုပ်စု၊ နံ့သာပုကျေးရွာ၌ “From Clean Plates to Clean Cities” ဟူသော ဆောင်ပုဒ်နှင့်အညီ စားကြွင်းစားကျန်အမှိုက်များအကြောင်း အသိပညာပေးခြင်းနှင့် သဘာဝမြေဆွေးပြုလုပ်သည့် နည်းလမ်းများကို လက်တွေ့ပြသသည့် လှုပ်ရှားမှုအစီအစဉ်ကို စက်တင်ဘာလ (၂၀) ရက်နေ့တွင် အောင်မြင်စွာကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါလှုပ်ရှားမှုတွင် နေ့စဉ်လူနေမှုဘဝမှထွက်ရှိလာသည့် စားကြွင်းစားကျန်များနှင့် မီးဖိုချောင်သုံးစွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်အပေါ်ကျရောက်နိုင်သော ဆိုးကျိုးများနှင့် သက်ရောက်မှုများကို ဒေသခံပြည်သူများ ထိရောက်စွာသိရှိနားလည်စေရန် အသိပညာပေးဆွေးနွေးခဲ့ကြပါသည်။ ထို့ပြင် စွန့်ပစ်အမှိုက်များကို စနစ်တကျခွဲခြား၍ စိုက်ပျိုးရေးကဏ္ဍတွင်အသုံးဝင်သည့် သဘာဝမြေဆွေးထုတ်လုပ်ပြုလုပ်နည်းကို  စနစ်တကျလက်တွေ့ပြသဆောင်ရွက်ခဲ့ကြပါသည်။

ယခုအစီအစဉ်သို့ ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် တက်ကြွစွာပါဝင်ဆောင်ရွက်နေကြသည့် အမှိုက်ကောက်သူရဲကောင်းများ အပါအဝင် ဒေသခံစိတ်ပါဝင်စားသူ စုစုပေါင်း (၃၉) ဦး တက်ရောက်ခဲ့ကြပြီး၊ အသိပညာပေးဆွေးနွေးချက်များနှင့် သဘာဝမြေဆွေး ပြုလုပ်သည့် လက်တွေ့ပြသမှုများတွင် စိတ်အားထက်သန်စွာ ပါဝင်လေ့လာဆောင်ရွက်ခဲ့ကြသည်။

















## M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော
# CSR လုပ်ငန်းအစီအစဉ်များ

ဒေသခံအိမ်ထောင်စုများအကြား နေ့စဉ်ထွက်ရှိသော မီးဖိုချောင်သုံးနှင့် ဥယျာဉ်ခြံထွက် စွန့်ပစ်အမှိုက်များကို စနစ်တကျခွဲခြား စွန့်ပစ်တတ်စေရန်နှင့် ဆွေးမြေ့နိုင်သည့်စွန့်ပစ်အမှိုက်များမှတစ်ဆင့် သဘာဝမြေဩဇာထုတ်လုပ်နည်းကို လက်တွေ့လေ့လာသိရှိကာ စိုက်ပျိုးရေးတွင် ပြန်လည်အသုံးပြုနိုင်စေရန်ရည်ရွယ်၍ M&AOSB ကုမ္ပဏီ၏ CSR လုပ်ငန်းအဖွဲ့သည် Trash Hero Gaw Yan Gyi အမှိုက်ကောက်သူရဲကောင်းအဖွဲ့၊ နံ့သာပုကျေးရွာလူထုတို့နှင့် ပူးပေါင်း၍ နံ့သာပုကျေးရွာအုပ်စု၊ နံ့သာပုကျေးရွာတွင် “ကျေးရွာလူထုစီမံခန့်ခွဲသော သဘာဝမြေဆွေးကန်အစီအစဉ်” ကို ထပ်မံတိုးချဲ့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့တိုးချဲ့ဆောင်ရွက်ရာတွင် ၂၀၂၆ ခုနှစ်၊ ဩဂုတ်လအတွင်း အသိပညာပေးအစီအစဉ်များပြုလုပ်ခြင်း၊ ဆွေးမြေ့နိုင်သည့်အမှိုက်များခွဲခြားစုဆောင်းရန် အမှိုက်အိတ်များပေးဝေခြင်းနှင့် သဘာဝဆွေးမြေ့အမှိုက်ကန်တည်ဆောက်ခြင်းများတွင် ပံ့ပိုးပေးခဲ့ပြီး၊ စက်တင်ဘာလတွင် သဘာဝမြေဆွေး လက်တွေ့ပြုလုပ်ပြသခြင်းကို စနစ်တကျဖော်ဆောင်ပေးခဲ့ပါသည်။

ထို့ပြင် ယခင်တည်ဆောက်ပြီးစီးခဲ့သည့် နံ့သာပုကျေးရွာအုပ်စု၊ ဇင်ယော်ချောင်ရပ်ကွက်ရှိ သဘာဝမြေဆွေးကန် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည့် စောင့်ကြည့်ထိန်းသိမ်းမှုများကိုလည်း အမှိုက်ကောက်သူရဲကောင်းကလေးငယ်များ၊ ဒေသခံများနှင့်အတူ ပုံမှန်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။










M&AOSB
Myint & Associates Offshore Supply Base

# M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော
# CSR လုပ်ငန်းအစီအစဉ်များ

M&AOSB ၏ CSR အစီအစဉ်သည် ဂေါ်ရန်ဂျီပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် တက်ကြွလှုပ်ရှားသော Trash Hero Gaw Yan Gyi အမှိုက်ကောက်သူရဲကောင်းအဖွဲ့၏ စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှုများတွင် နံ့သာပုကျေးရွာလူထုနှင့် ပူးပေါင်း၍ လိုအပ်သည့် ကူညီမှုများ ပံ့ပိုးခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလအထိ Trash Hero Gaw Yan Gyi အမှိုက်ကောက်သူရဲကောင်းအဖွဲ့သည် ဇင်ယော်ချောင်ရပ်ကွက်နှင့် ဆိပ်ကမ်းရပ်ကွက်တို့၌ စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှုများ ပြုလုပ်ခဲ့ရာ အဆိုပါလှုပ်ရှားမှုများတွင် အမှိုက်ကောက်သူရဲကောင်း လူကြီး (၅) ဦး၊ ကလေး (၅၇) ဦးနှင့် စုစုပေါင်းသူရဲကောင်း (၆၂) ဦး ပါဝင်အမှိုက်ကောက်ခဲ့ပြီး အမှိုက်ကီလိုပေါင်း (၃၀) ကို ကောက်ယူသိမ်းဆည်းနိုင်ခဲ့ပါသည်။












# M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော
# CSR လုပ်ငန်းအစီအစဉ်များ

M&AOSB စီမံကိန်းနယ်မြေဒေသရှိ ဒေသခံများတွင် အသိပညာဗဟုသုတများ ပိုမိုတိုးများစေရန်အတွက် “သုတပင်လယ်” အမည်ရှိ စာကြည့်တိုက်ကို စီမံကိန်းနယ်မြေရုံးဝင်း၌ ကုမ္ပဏီ၏ CSR အစီအစဉ်ဖြင့် ဖွင့်လှစ်လျက်ရှိရာ စာကြည့်တိုက် စတင်ဖွင့်လှစ်သည့် ၂၀၂၄ ခုနှစ်၊ မတ်လမှ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလအထိ စာကြည့်တိုက်တွင် အသင်းဝင်ဦးရေ (၁၀၄) ဦးရှိပြီး စာအုပ်ငှားရမ်းမှု အကြိမ်ရေ (၅၇၄) ကြိမ် ရှိခဲ့ပါသည်။ သုတပင်လယ်စာကြည့်တိုက်တွင် စာအုပ်ပေါင်း (၄၇၇) အုပ်ရှိပြီး တနင်္လာနေ့မှ သောကြာနေ့ အတွင်း နေ့လယ် (၂:၀၀) နာရီမှ ညနေ (၄:၃၀) နာရီအထိ စာအုပ်များငှားရမ်းနိုင်ကြောင်း ကြေညာထားပါသည်။ ထို့ပြင် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှစ၍ သုတပင်လယ် စာကြည့်တိုက်အသင်းဝင်များအနေဖြင့် ၎င်းတို့ဖတ်ရှုလိုသော စာအုပ်စာစောင်များကို တင်ပြတောင်း ဆိုနိုင်သည့် စာအုပ်စာစောင် တောင်းဆိုမှုအစီအစဉ်ကိုလည်း မိတ်ဆက်ခဲ့ပါသည်။ စာကြည့်တိုက်အသင်းဝင်များ တောင်းဆိုထား သော စာအုပ်များကို M&AOSB ၏ CSR အစီအစဉ်ဖြင့် ဝယ်ယူ၍ သုတပင်လယ်စာကြည့်တိုက်တွင် ထားရှိပေးခဲ့ပါသည်။













# M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

M&AOSB ကုမ္ပဏီ၏ CSR အစီအစဉ်သည် ဒေသခံများ စွမ်းရည်မြှင့်တင်ခြင်း အစီအစဉ်တစ်စိတ်တစ်ပိုင်းအနေဖြင့် သုတပင်လယ်စာကြည့်တိုက်တွင် အသိပညာမျှဝေခြင်းနှင့် ဖန်တီးလေ့လာခြင်း လစဉ်အစီအစဉ်များကို ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်နေ့နှင့် ဩဂုတ်လ (၂၁) ရက်နေ့တို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ဤအစီအစဉ်သည် M&AOSB စီမံကိန်းနယ်မြေဝန်းကျင်ရှိ ကလေးများအတွက် အသိပညာတိုးပွားစေရန်၊ စိတ်ကူးစိတ်သန်းများ တိုးတက်ကောင်းမွန်စေရန်နှင့် ဆန်းသစ်တီထွင်လိုစိတ်ကိုအားပေးရန် ရည်ရွယ်ပါသည်။













# M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

၂၀၂၆ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ ဆောင်ရွက်ပြီးစီးခဲ့သော M&AOSB ကုမ္ပဏီ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များကို ဧရတ်ကောင်းမြို့၊ ကျွဲချိုင်ကျေးရွာအုပ်စု၊ နံ့သာပုကျေးရွာအုပ်စုနှင့် စီမံကိန်းနယ်မြေရုံးဝင်းရှိ ကြော်ငြာသင်ပုန်းများ၌ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်း အသိပေးဖော်ပြခဲ့ပါသည်။ ထို့ပြင် M&AOSB ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များ စုစည်းတင်ပြထားသည့် လက်ကမ်းစာစောင်များနှင့် M&AOSB ၏ မိတ်ဖက်ကုမ္ပဏီဖြစ်သည့် MPRL E&P ကုမ္ပဏီ၏ မန်းရေနံမြေဒေသဖွံ့ဖြိုးရေး CSR လုပ်ငန်းဆောင်ရွက်ချက်များကို စုစည်းတင်ပြထားသည့် “တို့မန်းမြေ” သတင်းလွှာတို့ကိုလည်း ဧရတ်ကောင်းမြို့၊ ကျွဲချိုင်ကျေးရွာအုပ်စုနှင့် နံ့သာပုကျေးရွာအုပ်စုရှိ ရပ်မိရပ်ဖများထံ ၂၀၂၆ ခုနှစ်၊ ဇွန်လအတွင်း ဖြန့်ဝေခဲ့ပါသည်။








